THE EDUCATION STATE

# ငွေကြေးအထောက်အပံ့

## မိဘများအတွက် အချက်အလက်များ

**ဗစ်တိုးရီးယားကလေးတိုင်းသည် စာသင်ခန်းပြင်ပရှိ သင်ယူလေ့လာရေး အခွင့်အလမ်းကမ္ဘာကြီးကို အသုံးချနိုင်ခွင့် ရှိသင့်ပါသည်။ စခန်းချခြင်း၊ အားကစားနှင့် လေ့လာရေးခရီး ရန်ပုံငွေ (The Camps, Sports and Excursions Fund) သည် အရေးပါသော ပညာရေးဆိုင်ရာနှင့် ပျော်ရွှင်ဖွယ်ရာ လှုပ်ရှားမှုများအတွက် ၎င်းတို့၏ အတန်းဖော်များနှင့်အတူပါဝင်နိုင်မည့် အခွင့်အလမ်းတွင် မည်သည့်ကျောင်းသားမှ ကျန်ရစ်နေခဲ့ခြင်းမရှိစေရန် ကူညီပေးမည်ဖြစ်သည်။ ယင်းမှာ ဗစ်တိုးရီးယားပြည်နယ်အား ပညာရေးပြည်နယ်အဖြစ် ပြုလုပ်ခြင်းနှင့် ကျောင်းသား၏နောက်ခံသမိုင်းနှင့် ၎င်းတို့၏ ရလဒ်ကြား ချိတ်ဆက်မှုကို ဖောက်ဖျက်မည့် အစိုးရ၏ သန္နိဋ္ဌာန်ချ ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။**

### စခန်းများ၊ အားကစားနှင့် လေ့လာရေးခရီးများ ရန်ပုံငွေ (The Camps, Sports and Excursions Fund (CSEF))

ကျောင်းစခန်းများသည် ကလေးများအား ကြီးမားကျယ်ဝန်းသောလေဟာပြင်တွင် စိတ်ကူးဉာဏ်ကွန့်မြူးနိုင်မည့် အတွေ့အကြုံများ ရရှိစေနိုင်သည်။ လေ့လာရေးခရီးများသည် ကမ္ဘာကြီး၏ အလုပ်လုပ်ပုံကို နက်နက်ရှိုင်းရှိုင်း နားလည်လာစေရန် တွန်းအားပေးပြီး အားကစားသည် အသင်းအဖွဲ့လိုက်လုပ်ဆောင်မှု၊ စည်းကမ်းနှင့် ခေါင်းဆောင်မှုကို သင်ကြားပေးသည်။ အားလုံးသည် ကောင်းမွန်သောသင်ရိုးညွှန်းတမ်းတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

CSEF ကို ဗစ်တိုးရီးယားအစိုးရမှ သတ်မှတ်ချက်ကိုက်ညီသော မိသားစုများအား ကျောင်းခရီးများ၊ စခန်းများနှင့် အားကစား လှုပ်ရှားမှုများ၏ ကုန်ကျစရိတ်များအတွက် အထောက်အကူဖြစ်စေရန် ပံ့ပိုးပေးခြင်းဖြစ်သည်။

သင်သည် အကျုံးဝင်သော ဝင်ငွေစစ်ဆေးမှုအရ အထူးခွင့်ပြုကတ်တစ်ခု ကိုင်ဆောင်ထားသူဖြစ်လျှင် သို့မဟုတ် သင်သည် ယာယီ မွေးစားမိဘတစ်ဦးဖြစ်လျှင် သင်သည် CSEF အတွက် သတ်မှတ်ချက်ကိုက်ညီနိုင်သည်။ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူနှင့် ဒုက္ခသည်မိသားစုများအတွက် အထူးထည့်သွင်းစဉ်းစားပေးသည့် အမျိုးအစားတစ်ခုလည်း ရှိပါသည်။ ဤထောက်ပံ့ကြေးကို သင့်ကလေး၏အကျိုးအတွက် စခန်းများ၊ လေ့လာရေးခရီးများ သို့မဟုတ် အားကစားလှုပ်ရှားမှုများနှင့် ဆက်စပ်သည့် ကုန်ကျစရိတ်များအတွက် အသုံးပြုရန် ကျောင်းကို ပေးသွားမည်ဖြစ်သည်။

ကျောင်းသားတစ်ဦးစီအတွက် နှစ်စဉ် CSEF ပမာဏမှာ -

- မူလတန်းကျောင်းသားများအတွက် $125
- အလယ်တန်းကျောင်းသားများအတွက် $225

### လျှောက်ထားပုံ -

လျှောက်ထားသူ အသစ်များသည် CSEF လျှောက်လွှာပုံစံတစ်ခု ရရှိရန် ကျောင်းရုံးခန်းသို့ ဆက်သွယ်သင့်သည် သို့မဟုတ် အောက်ပါ ဝက်ဘ်ဆိုက်မှ ဒေါင်းလုတ်ဆွဲပါ။

သင်သည် ယခင်နှစ်က သင့်ကလေးကျောင်းတွင် CSEF လျှောက်ထားခဲ့ပါက သင့်မိသားစုအခြေအနေများ ပြောင်းလဲခြင်းမရှိလျှင် ယခုနှစ်တွင် ထပ်မံလျှောက်ထားရန် မလိုအပ်ပါ။

အောက်ပါအခြေအနေများ တစ်ခုခုပြောင်းလဲမှသာလျှင် လျှောက်လွှာကို ဖြည့်စွက်ရန်လိုအပ်ပါမည်-

- **ကျောင်းသားသစ် အပ်နှံခြင်း** - သင့်ကလေးသည် ယခုနှစ်တွင် ကျောင်းစတင်တက်ရောက်ခြင်း သို့မဟုတ် ကျောင်းပြောင်းခြင်း။
- **မိသားစုအခြေအနေများ ပြောင်းလဲခြင်း** - ဥပမာ အုပ်ထိန်းခွင့် ပြောင်းလဲခြင်း၊ အမည်ပြောင်းလဲခြင်း၊ အထူးခွင့်ပြုချက်ကတ်နံပါတ် ပြောင်းလဲခြင်း သို့မဟုတ် ယခုနှစ်တွင် မွေးချင်းမောင်နှမအသစ်များ ကျောင်း စတင်တက်ရောက်ခြင်း။

သင်သေချာမသိပါက ကျောင်းရုံးခန်းကို စုံစမ်းပါ။



### နောက်ထပ်အချက်လက်များ

CSEF နှင့်ပတ်သက်၍ အချက်အလက်များ ပိုမိုသိရှိလိုပါက -

https://www.education.vic.gov.au/about/programs/Pages/csef.aspx

VICTORIA State Government